# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၄၇ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၈–၅–၂၀၁၅ ] ( တနင်္လာနေ့ )

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၇ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါ်ခင်သန်းမြင့်၊ ငပုတော မဲဆန္ဒနယ်၏ **ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့၊ သက္ကယ်သောင်ကျေးရွာအုပ်စုအပိုင် ရေလယ်ခုံ(သဲခုံကြီး) တွင် ကျော်လွှမ်းမိုးနှင့် ညီအစ်ကိုများ ကုမ္ပဏီမှ ငါး၊ ပုစွန်၊ ဂဏန်း မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုကိစ္စ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးမြင့်ရွှေ၊ ဝေါ မဲဆန္ဒနယ်၏ **ဝေါမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးနေရာသတ်မှတ်ထားသည့် ဈေးဝင်ပေါက်၊ ထွက်ပေါက်နေရာတွင် ဂရန်မြေကွက် ရယူခဲ့ခြင်းနှင့် ပတ်သက်၍ ဈေးလမ်းမြေကို မူလ သတ်မှတ်ချက်အတိုင်း ဝင်ပေါက်၊ ထွက်ပေါက် အဖြစ် ပြန်လည် သတ်မှတ်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသန်းဦး၊ မြဝတီ မဲဆန္ဒနယ်၏ **မြဝတီမြို့အတွင်း အဓိက ရေနုတ်မြောင်းမကြီးများကို ပြည်ထောင်စုအစိုးရဘတ်ဂျက်ဖြင့် စီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်ဇာတလဲမ်း၊ ထန်တလန် မဲဆန္ဒနယ်၏ **ဟားခါးမြို့ရှိ ပြည်တော်သာရပ်နေ ဦးဒေါ်ကျုံး၏ ဘိုးဘွားပိုင်မြေ ဧက ၄၀ အစား မြေကွက်ဧက ၂၀ ကို ပြန်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးလှမောင်၊ ချောင်းဆုံ မဲဆန္ဒနယ်၏ **ချောင်းဆုံမြို့နယ်ရှိ ကညော့်–ကတောင်စိန်လမ်းအား ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ သစ်သားချောင်းကူးတံတား (၆)စင်းအား သံကူကွန်ကရစ်တံတား အဖြစ်လည်းကောင်း ပြုပြင်ပေးရန်၊ စိန်မြတောင် တောင်ကုန်းအား တောင်ဖြတ်လမ်းဖောက်လုပ်ပြီး ကားလမ်း၊ လူသွားလမ်းပြုလုပ် ပေးရန်နှင့် ကျေးရွာချင်းဆက်လမ်းများဖြစ်သော မူးရစ်ကလေးမှ ဆယ်ပလာ၊ ရွာလွတ်မှ ကွမ်ရိုက်၊ ဖံဖမှ မူးရစ်ကလေး၊ ကော့မုပွန်မှ မုဒွန်း၊ ခရိုက်ဒူးမှ စီးကုန်း၊ ကရင်ဝင်းစိန်မှ တော်ပွန်မြေသားလမ်း တို့အား ကတ္တရာလမ်းအဖြစ် ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးတင်ထွေး၊ အုတ်ဖို မဲဆန္ဒနယ်၏ **ရန်ကုန်–ပြည်လမ်းမှ မကျီးပင်ရွာ၊ ဖြန့်ကြီးရွာ၊ သရက်ကုန်းရွာ၊ ကျွန်းစီရွာ၊ လူအိုစုရွာ ကင်ပွန်းခြံ (အရှေ့)၊ ကင်ပွန်းခြံ(အနောက်)၊ လက်ပံရေကျော်ရွာ၊ ရှမ်းကုန်းရွာ သို့ ဆက်သွယ်ထားသော အရှည် (၄.၅)မိုင်ရှိ လမ်းအား ဂဝံလမ်း ခင်းပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးစောဘသိန်း၊ သထုံ မဲဆန္ဒနယ်၏ **ကြက်တူရွေးသောင် ကျေးရွာအုပ်စု၊ ရှမ်းစုကျေးရွာနှင့် ခရိုင်ချင်းဆက် လမ်းဘေးရှိ အင်းကွဲကျေးရွာ ရွာချင်းဆက်လမ်း၏ ရေနစ်မြုပ်သော လမ်းတံတားများအား ရေလွှတ်ကျောက်ခင်းလမ်းချော ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က **" ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း "** ကို တင်သွင်းခြင်း၊

၇။ **" ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း "** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသည့် **" ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က **" အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း "** ကို တင်သွင်းခြင်း၊

၁၀။ **" အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း "** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသည့် **" အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း "** ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က **“ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း ”** ကို တင်သွင်းခြင်း၊

၁၃။ **“ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း ”** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသည့် **“ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း ”** ကို ဆွေးနွေး၍ ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာခြင်း၊

၁၅။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၇ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၄၈ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။